မိတ္ထီလာ
စီးပွားရေးတက္ကသိုလ်

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

နှစ်လည်မဂ္ဂဇင်း

Scanned with CamScanner

ဝေကြည့်တိုက်
တဆောင်အမှတ် 2212
ရက်စွဲ 28.8.25

မိတ္ထီလာ
စီးပွားရေးတက္ကသိုလ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

နှစ်လည်မဂ္ဂဇင်း

Scanned with CamScanner

မိတ္ထီလာ စီးပွားရေးတက္ကသိုလ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

နှစ်လည်မဂ္ဂဇင်း

မာတိကာ

ဥယျောဇဉ်	စာရင်းအင်းပညာဌာန	သချိုင်္ဂဏာဌာန
ပါမောက္ခချုပ်	ဘောဂဗေဒဌာန	စီပံ/ဘဏ္ဍာဌာန
ဒုတိယပါမောက္ခချုပ်များ	အသုံးချဘောဂဗေဒဌာန	သင်တန်းရေးရာဌာန
နှစ်လည်မဂ္ဂဇင်းကော်မတီ	မြန်မာစာဌာန	အင်္ဂလိပ်စာဌာန
ဝါကိုဒွဗေဒဌာန	အင်္ဂလိပ်စာဌာန	အသင်းအဖွဲ့ကော်မတီများ
စီပံခန့်ခွဲမှုပညာဌာန	ပထဝီဝင်ဌာန	လှုပ်ရှားမှုမှတ်တမ်းများ

ကဗျာကဏ္ဍ

၃၄	ချစ်ရသူသို့	Hazel
၃၅	အလွမ်းဝန္ခ	နိုင်
၃၆	နွေဦး	လရိပ်ရိပ် (မြန်မာစာ)
၃၇	စွန့်စွာသူ	မာကြူလီ (မြန်မာစာ)
၃၈	သို့	မေသဲငုံ
၃၉	သက်တံရောင်ရပ်ဝန်း	စက်ရိပ်ဝေး
၄၀	သံယောဇဉ်	ရွှေဝင် (မြန်မာစာ)
၄၁	မိတ်စီးတော်မှ ကျောင်းဓပ္ပါဘာဝ	Silver Full
၄၂	Crush သို့	Su Myat Aung (Eco)
၄၃	ဝေဒါလမ်း	ဆု
၄၄	ကြိုးမဲ့စွန်	သန္တာ (တက္ကသိုလ်မြေ)
၄၅	ချစ်ခဲ့သည် .... တို့နောက်	သက်နိုင်
၄၆	လွမ်းဆဲ	သူ
၄၇	စင်ရာဆွေမျိုး	Angel
၄၈	စကြည့်တိုက်မှ	Bluemoon
၁၀၅	မဖြေသာအလွမ်း	Bluemoon

ကာတွန်းကဏ္ဍ

၄၉-၅၂	ဓာတ်တိုင်

ဆောင်းပါးကဏ္ဍ

၅၃	လူငှဲးရေ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာ	ဒေါက်တာ မြသန္တာ (စာရင်းအင်းပညာ)
၆၀	တက္ကသိုလ်နှင့် သုတေသန	သဒ္ဓါနွယ် (ဘောဂဗေဒ)
၆၂	အပြုံး (Smile)	ဝါဝါလွင်

ပုံနှိပ်မှတ်တမ်း

မိတ္ထီလာစီးပွားရေးတက္ကသိုလ်
နှစ်လည်မဂ္ဂဇင်း
၂၀၂၄-၂၀၂၅
ပညာသင်နှစ်

Design & Arrangement by
CMP
CLOSER MYANMAR PUBLISHING HOUSE
Ph: 09 252 844 747
09 886424545

Scanned with CamScanner

၆၄	စွန့်ဦးတီထွင်လုပ်ငန်းရှင်	ဒေါက်တာ ဝင်နီထွန်း
၆၈	သင်တန်းရေးရာအကြောင်းသိကောင်းစရာ	သန်းရွှေ (သင်တန်းရေးရာ)
၇၁	ဝေဖန်ဆန်းစစ်ခြင်းနှင့်သနိဿဘာသာရပ်	ဒေါက်တာ စီစီဖြိုး
၇၄	အခါလွန် နောင်တ ပြင်မရပြီ	မင်းဝေ

ဝတ္ထုတိုများ

၇၆	မေမေ့ ရည်မှန်းချက်	နွေရိပ်လွှာ
၇၈	စတစ်ကော်လံအဖြူလေး	ဝီတိခင်
၈၁	ကျွန်မရဲ့ သူရဲကောင်းကြီး	သိမ့်
၈၄	ဆရာစကား နားထောင်လိုက်ပုံများကတော့	Te Zek (English)
၈၇	ကိုယ်ချစ်	Maisie
၉၁	အစ်ကိုကြီး အဖရာ	Su Myat Aung (Eco)
၉၇	ဝိတောက်လမ်းက....မောင့်ရဲ့မမ	Padauk (BPA)
၁၀၂	မေ့မရနိုင်သော အတိတ်၏ ခြေရာလေးများ	သဇင်နိုင် (မြန်မာစာ)
၁၀၆	ခရေတင်တဲ့တော်ဝင်သဇင်	မခိုင် (အင်္ဂလာ)
၁၀၈	နားခိုရာ	ချစ်ဝန်းသခင်
၁၁၂	မေတ္တာရည်၍	ရှင်မယ်ထွေး

ENGLISH SECTION

POEM SECTION

၁၁၈	When I grow old....	Theint (Eng)
၁၁၉	To my beloved one.	Te Zek (English)
၁၁၉	No Guts, No Glory	Alma Orion
၁၂၀	Journey	Thet Yi Htun
၁၂၀	To my satisfaction	HH (English)
၁၂၃	The Day the World Collapses	Kyatseat
၁၂၈	Love yourself	HH (English)
၁၃၁	My Life, My Dream	Hazel

ARTICLE SECTION

၁၂၁	Encourage MSMEs To Be Successful Towards Economic Growth of the Country	THADAR NWE (ECO)
၁၂၄	"The Impact of Inflation on an Economy, its Causes, and Solutions"	Mar Mar Kyaw (A-Eco)
၁၂၇	"Why Human Capital is a Driver of Economic Growth for a Country"	Min Wai (Eco)
၁၂၉	Wonderful Experiences of University Life	Chaw (English)
၁၃၀	The Vital Role of Technology in Future English Language Teaching	Theint (Eng)

Scanned with CamScanner

ဥယျောဧည့်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်ကို ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်အုတ်မြစ်ချခဲ့ပြီး ၂၀၀၁ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ်တွင် (၂၄ နှစ်) ပြည့်ခဲ့ပြီ ဖြစ်ပေသည်။ ဤကာလအတွင်း မြန်မာ့ပညာရေးရည်မှန်းချက်နှင့်အညီ ပညာရေး စိန်ခေါ်မှုများအား အောင်မြင်စွာ ကျော်လွှားနိုင်မည့် စီးပွားရေးပညာရှင်များကို စဉ်ဆက်မပြတ်မွေးထုတ်နိုင်ရန် လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါသည်။ ယခုအခါ ဤတက္ကသိုလ်ကြီးတွင် စီးပွားရေးပညာဘွဲ့ကြိုတန်းများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်တန်းများသာမက နေပြည်တော်နယ်မြေနှင့် မန္တလေးတက္ကသိုလ်နယ်မြေတို့တွင်လည်း အဆင့်မြင့်မဟာဘွဲ့သင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို လေ့ကျင့် မွေးထုတ်ပေးလျက်ရှိပါသည်။

ကျောင်းသားကျောင်းသူများ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များကို ကျွမ်းကျင်မှုရှိစေရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်စေရန် စာတွေ့လက်တွေ့ပေါင်းစပ်ကာအကောင်းဆုံးသင်ကြားပေးနေပါသည်။ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် ခေတ်နှင့်လိုက်လျောညီထွေသည့် သင်ကြားသင်ယူမှု နည်းလမ်းသစ်များနှင့်အတူ ပညာရေးကဏ္ဍတွင် မရှိမဖြစ်လိုအပ်သော သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် အားထုတ်ကြိုးပမ်းလုပ်ဆောင်နေသည့် တက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ ပညာရည် မြင့်မားရေး၊ ကိုယ်ကာယ ကြံ့ခိုင်ဖွံ့ဖြိုးရေး၊ စိတ်ဓာတ် မြင့်မားပြီး စာရိတ္တ ကောင်းမွန်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးတို့အတွက် စာပေဟောပြောပွဲများ၊ အသိပညာပေးဟောပြောပွဲများ၊ကဗျာ၊ ပန်းချီ၊ ဆောင်းပါး၊ စာစီစာကုံးပြိုင်ပွဲများ၊ အဆိုပြိုင်ပွဲများ ကျင်းပကာ ပါဝင်ယှဉ်ပြိုင်စေခဲ့ပါသည်။

နှစ်လည်မဂ္ဂဇင်းတွင် ဤတက္ကသိုလ်ကြီး၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနအသီးသီးမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ဘာသာရပ်အသီးသီးတွင် တက်ရောက် ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများ၏ကြိုးပမ်းမှု၊စွမ်းဆောင်နိုင်မှုနှင့် မျက်မှောက်အခြေအနေများကို ထိတွေ့ခံစားနိုင်စေမည်ဟု ယုံကြည်ပါသည်။ ကျောင်းတော်ကြီး၏ အစဉ်အလာကောင်းများကို မှတ်တမ်းတင်ခြင်း တစ်မျိုးဖြစ်သည့် မိတ္ထီလာစီးပွားရေးတက္ကသိုလ် နှစ်လည်မဂ္ဂဇင်းကို လှုပ်ရှားမှုဓာတ်ပုံများ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများဖြင့် ဝေဝေဆာဆာ ခံ့ညားလှပစွာထုတ်ဝေနိုင်ခဲ့သည့်အတွက် ဝမ်းသာပီတိဖြစ်ရပါသည်။ ပါဝင် ရေးသားသူများနှင့် မဂ္ဂဇင်းကော်မတီ၏အားထုတ်မှုကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းနှင့် တက္ကသိုလ်ကြီး (၂၄ နှစ်) ပြည့်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတု ရတုအဆက်ဆက်တိုင် အဓွန့်ရှည်တည်တံ့ပြီး နှစ်လည်မဂ္ဂဇင်းများစွာကိုလည်း ဆက်လက်ထုတ်ဝေနိုင်ပါစေကြောင်း ဆန္ဒပြုဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒေါက်တာ မြသန္တာ
(ပါမောက္ခချုပ်)

ဒေါက်တာမြသန္တာ
ပါမောက္ခချုပ်
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

Scanned with CamScanner

ဒေါက်တာ မော်မော်ခင်

ဒုတိယ ပါမောက္ခချုပ် (စီမံ)

မိတ္ထီလာစီးပွားရေးတက္ကသိုလ်

ဒေါက်တာ သီတာထူး
ဒုတိယ ပါမောက္ခချုပ် (သင်တန်း)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်

Scanned with CamScanner

နှစ်လည်မဂ္ဂဇင်းကော်မတီ

ရှေ့တန်း ဝဲမှယာ

ဦးထွန်းဝင်း (အင်္ဂလိပ်စာ စာတည်းမှူး)၊ ဒေါက်တာ စိန်စိန်မေ (ဒုဥက္ကဋ္ဌ)၊ ဒေါက်တာ ရွှေစင်အောင် (ဥက္ကဋ္ဌ)
ဒေါက်တာ မော်မော်ခင် (နာယက)၊ ဒေါက်တာ မြသန္တာ (နာယက)၊ ဒေါက်တာ သီတာထူး (နာယက)၊
ဒေါက်တာ စင်မာလာမောင် (ကြော်ငြာတာဝန်ခံ)၊ ဒေါက်တာ ပွင့်မြွေအောင် (ဘာသာရပ်ဆိုင်ရာ စာတည်းမှူး)၊ ဒေါ်မြကြည် (ဘဏ္ဍာရေးမှူး)

နောက်တန်း ဝဲမှယာ

ဦးသန်းရွှေ (ဖြန့်ချိရေးမှူး)၊ ဒေါ်မြင့်မြင့်သိန်း (ဘာသာရပ်ဆိုင်ရာ စာတည်းမှူး)၊ ဒေါ်သန်းသန်းဝေထူး (မြန်မာစာ စာတည်းမှူး)၊
ဒေါ်တင်တင်နိုင် (အတွင်းရေးမှူး)၊ ဒေါ်မြတ်မြတ်မိုး (အင်္ဂလိပ်စာစာတည်း)၊ ဒေါ်မာမာသန့် (တွဲဖက် ဖြန့်ချိရေးမှူး)

Scanned with CamScanner

ဝါဏိဇ္ဇပေဒဌာန

ဒေါက်တာ ဝင်နီထွန်း
ပါမောက္ခ/ဌာနမှူး
ဝါဏိဇ္ဇပေဒဌာန

ဒေါက်တာ ခင်မာလာမောင်
ပါမောက္ခ
ဝါဏိဇ္ဇပေဒဌာန

ဒေါက်တာ ထိုက်ထိုက်လင်း
တွဲဖက် ပါမောက္ခ
ဝါဏိဇ္ဇပေဒဌာန

ဒေါက်တာ သန်းနိုင်ဦး
တွဲဖက် ပါမောက္ခ
ဝါဏိဇ္ဇပေဒဌာန

ဝါဏိဇ္ဇပေဒဌာန

Scanned with CamScanner

စိမံခန့်ခွဲမှုပညာဌာန

ဒေါက်တာ သင်းသင်းအေး
ပါမောက္ခ/ဌာနမှူး
စိမံခန့်ခွဲမှုပညာဌာန

ဒေါက်တာ ကြည်ကြည်သန့်
ပါမောက္ခ
စိမံခန့်ခွဲမှုပညာဌာန

ဒေါ်သီတာလွင်
တွဲဖက်ပါမောက္ခ
စိမံခန့်ခွဲမှုပညာဌာန

စိမံခန့်ခွဲမှုပညာဌာန

Scanned with CamScanner

စာရင်းအင်းပညာဌာန

ဒေါက်တာ ခြင်္ခြနိုင်
ပါမောက္ခ/ဌာနမှူး
စာရင်းအင်းပညာဌာန

ဒေါက်တာ မောင်မောင်သွင်
တွဲဖက်ပါမောက္ခ
စာရင်းအင်းပညာဌာန

ဒေါ်မြင့်မြင့်သိန်း
တွဲဖက်ပါမောက္ခ
စာရင်းအင်းပညာဌာန

ဦးအောင်နိုင်ဝင်း
တွဲဖက်ပါမောက္ခ
စာရင်းအင်းပညာဌာန

ဒေါ်အေးအေးခိုင်
တွဲဖက်ပါမောက္ခ
စာရင်းအင်းပညာဌာန

စာရင်းအင်းပညာဌာန

ဘောဂဗေဒဌာန

ဒေါက်တာ ချမ်းမြေ့ကျော်လိုင်
တွဲဖက်ပါမောက္ခ/ဌာနမှူး
ဘောဂဗေဒဌာန

ဒေါ်အေးစန္ဒာဝင်း
တွဲဖက်ပါမောက္ခ
ဘောဂဗေဒဌာန

ဒေါ်သန်းဌေးဝင်း
တွဲဖက်ပါမောက္ခ
ဘောဂဗေဒဌာန

ဦးဇော်သန်းဦး
တွဲဖက်ပါမောက္ခ
ဘောဂဗေဒဌာန

ဘောဂဗေဒဌာန

Scanned with CamScanner

အသုံးချ ဘောဂဗေဒဌာန

ဒေါ်မြမြသိန်း
ပါမောက္ခ/ဌာနမှူး
အသုံးချဘောဂဗေဒဌာန

ဒေါက်တာ ပွင့်မြမြအောင်
ပါမောက္ခ
အသုံးချဘောဂဗေဒဌာန

ဒေါက်တာစန်းစန်းအေး
တွဲဖက်ပါမောက္ခ
အသုံးချဘောဂဗေဒဌာန

ဒေါက်တာ မာမာသန်း
တွဲဖက်ပါမောက္ခ
အသုံးချဘောဂဗေဒဌာန



ဒေါ်ကြည်ကြည်ဝင်း
တွဲဖက်ပါမောက္ခ
အသုံးချဘောဂဗေဒဌာန

အသုံးချဘောဂဗေဒဌာန

Scanned with CamScanner

မြန်မာစာဌာန

ဒေါက်တာ ရွှေစင်အောင်
ပါမောက္ခ/ဌာနမှူး
မြန်မာစာဌာန

ဒေါ်တင်တင်နိုင်
တွဲဖက် ပါမောက္ခ
မြန်မာစာဌာန

ဒေါ်သန်းသန်းထွေး
တွဲဖက် ပါမောက္ခ
မြန်မာစာဌာန

မြန်မာစာဌာန

Scanned with CamScanner

အင်္ဂလိပ်စာဌာန

ဦးထွန်းဝင်း
တွဲဖက်ပါမောက္ခ/ဌာနမှူး
အင်္ဂလိပ်စာဌာန

ဒေါ်မြတ်မြတ်မိုး
တွဲဖက် ပါမောက္ခ
အင်္ဂလိပ်စာဌာန

အင်္ဂလိပ်စာဌာန

Scanned with CamScanner

ပထဝီဝင်ဌာန

ဒေါက်တာ စိန်စိန်ဝေ
ပါဓမာကွဲ/ဌာနမှူး
ပထဝီဝင်ဌာန

ပထဝီဝင် ဌာန

သချ်ာဌာန

ဒေါက်တာ စီစီဖြိုး
ပါမောက္ခ/ဌာနမှူး
သချ်ာဌာန

ဒေါက်တာ စိမ်းစိမ်းမြင့်
တွဲဖက်ပါမောက္ခ
သချ်ာဌာန

သချ်ာဌာန

Scanned with CamScanner

စိမ်/ဘက္ကာဌာန



ဒေါ်မြကြည်
ဌာနမှူး
(စိမ်၊ ဘက္ကာ)



ဒေါ်ဝဝမြင့်
ဌာနခွဲမှူး (စိမ်)

ဦးဆန်းဝင်း
ဌာနခွဲမှူး (ဘက္ကာ)

ဒေါ်မြင့်မြင့်အေး
ဌာနခွဲမှူး (ဘက္ကာ)

စိမ်/ဘက္ကာဌာန

သင်တန်းရေးရာဌာန

ဦးသန်းဇော
မော်ကွန်းထိန်း (စာပေးပွဲနှင့် ဘွဲ့နှင်း)



ဒေါ်အေးအေးသန်း
ဌာနမှူး
သင်တန်းရေးရာဌာန

ဒေါ်မာမာသန်
မော်ကွန်းထိန်း (ကျောင်းသားရေးရာ)

သင်တန်းရေးရာဌာန

ဒေါ်ခင်စုမာ
စာကြည့်တိုက်မှူး

စာကြည့်တိုက်ဌာန

Scanned with CamScanner

အင်ဂျင်နီယာဌာန

ဦးမျိုးမြင့်အောင်
ဌာနမှူး/အင်ဂျင်နီယာမှူး
အင်ဂျင်နီယာဌာန



ဒေါ်အေးမိုခိုင်
အင်ဂျင်နီယာမှူး



ဒေါ်စုမွန်
အင်ဂျင်နီယာမှူး

အင်ဂျင်နီယာဌာန

Scanned with CamScanner

အသင်းအဖွဲ့၊ ကော်မတီ

မိတ္ထီလာစီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပညာရေးအဖွဲ့

Scanned with CamScanner

အသင်းအဖွဲ့၊ ကော်မတီ

အနုပညာအသင်း

စာပေနှင့် ယဉ်ကျေး

အသင်းအဖွဲ့၊ ကော်မတီ

ဗုဒ္ဓဘာသာအသင်း

ကြက်ခြေနီအသင်း

Scanned with CamScanner

လှုပ်ရှားမှုပုံရိပ်များ

ပညာရေး[illegible] ဒေါက်တာ ညွှန့်ဖေ မိတ္ထီလာစီးပွားရေးတက္ကသိုလ်အတွင်း ငလျင်ဒဏ်ခံစေး[illegible]
အဆိုများအား ကြည့်[illegible]

လှုပ်ရှားမှုပုံရိပ်များ



ပညာရေးဝန်ကြီးဌာန ခုတိယဝန်ကြီး ဒေါက်တာခေါ်မြင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်အတွင်း အဆောက်အဦများအား ကြည့်ရှု စစ်ဆေးစဉ်။

လှုပ်ရှားမှုပုံရိပ်များ

လှုပ်ရှားမှုပုံရိပ်များ

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲ

လှုပ်ရှားမှုပုံရိပ်များ

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မိသားစု ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနား

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မိသားစု စုပေါင်းမဟာဘုံကထိန်ပွဲ

လှုပ်ရှားမှုပုံရိပ်များ

Scanned with CamScanner

လူပ်ရှားမှုပုံရိပ်များ

MASTER OF APPLIED STATISTICS PROGRAMME 1ST BATCH

လှုပ်ရှားမှုပုံရိပ်များ

လှုပ်ရှားမှုပုံရိပ်များ

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကျင်းပစဉ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းဖွင့်ပွဲကျင်းပစဉ်

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးအသုံးပြုနည်းအား လက်တွေ့ ရှင်းပြစဉ်

ဥပဒေပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပစဉ်

လှုပ်ရှားမှုပုံရိပ်များ

မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဖလား အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ

ပါမောက္ခချုပ်ဖလား အမျိုးသား/အမျိုးသမီး ဘောလီဘောပြိုင်ပွဲ



ပါမောက္ခချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ



လူဦးရေ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာ

ဒေါက်တာ မြသန္တာ (စာရင်းအင်းပညာ)

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားရေး ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာမည် ဆိုပါက ထိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်း ဆိုသော ကိန်းဂဏန်းအချက်အလက်များ၏ မှန်ကန်မှုသည်အလွန်အရေးကြီးပါသည်။ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များ အတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံ အသုံးပြုရသည့် စာရင်းအင်း အချက်အလက်များအနက် အဓိက ကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက် အလက်များကို လူဦးရေ သန်းခေါင်းစာရင်းများ မှသာ ရရှိနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံ အားလုံးသည် သန်းခေါင်စာရင်း ကောက်ယူခြင်း ကို ကမ္ဘာ့ကုလသမဂ္ဂ၏ လမ်းညွှန်မှု၊ ပံ့ပိုးမှု၊ အားပေးမှု၊ ကူညီမှုများကို ရယူကာ သက်ဆိုင်ရာ နိုင်ငံအစိုးရများက ဦးစီးဦးကိုင် ကမကထပြု၍ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် လုပ် ဆောင်ကြရပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေ

တိုးပွားမှုကို တိုင်းတာရန် နိုင်ငံ အသီးသီးတွင် ၁၀ နှစ်လျှင် တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရန် ကမ္ဘာ့ကုလသမဂ္ဂမှ အကြံပြု ထားပါသည်။ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ အလွန်ကြီးမား ကျယ်ပြန့်ပြီး ကုန်ကျစရိတ် ကြီးမားပါသည်။ကမ္ဘာ့နိုင်ငံအများစုတွင် လူဦးရေ သန်းခေါင်စာရင်းကို ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိပြီး ဖြတိန်နှင့် ဂျပန် အပါအဝင် ဖွံ့ဖြိုးပြီး နိုင်ငံအချို့တွင်မူ ၅ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိပါသည်။

သန်းခေါင်စာရင်း

သန်းခေါင်စာရင်း (Census) ဆိုသည်မှာ လက်တင် (Latin) ဘာသာစကား (Censere) မှ ဆင်းသက်လာပြီး စာရင်းပြုစုခြင်း၊ စာရင်း ကောက်ယူခြင်းဟု အဓိပ္ပာယ်ရပါသည်။ Census ကို အဓိပ္ပာယ် ဖွင့်ဆိုပါက The enumeration of entire population of a country or region at a particular day and time is known as a census. ဟူ၍ ဖြစ်ပါသည်။ ယနေ့ လူအများစု အလွယ်တကူနှင့် ခေါ်ဝေါ်နေသော သန်းခေါင် စာရင်းမှာ မိမိအိမ်ရှိ အမြဲအတူတကွ နေထိုင် သော မိသားစုဝင်စာရင်း၊ အိမ်ထောင်စု စာရင်း ကို မှားယွင်းစွာ ခေါ်ဆိုနေကြခြင်း ဖြစ်ပါသည်။

သန်းခေါင်စာရင်းဆိုသည်တွင် လူဦးရေ ရေတွက်ခြင်းနှင့် လူဦးရေဆိုင်ရာ အကြောင်း အရာ၊ စာရင်းအင်းများသာမက စီးပွားရေး၊ လူမှုရေး အကြောင်းအရာတို့ကို သတ်မှတ်ထား သည့် ရည်ညွှန်းချိန်၌ တစ်နိုင်ငံလုံး သို့မဟုတ် သတ်မှတ်နယ်မြေဒေသ တစ်ခုတွင် လူတိုင်းကို တစ်ကြိမ်တည်း၊တစ်ပြိုင်တည်းကောက်ယူသော စာရင်းအင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုလျှင် မိုးကောင်းကင်မှ လျှပ်တပြက် ဓာတ်ပုံ ရိုက်လိုက်သလို ယင်းအချိန်တွင် တွေ့မြင်ရသည့် လူဦးရေစာရင်းပင်ဖြစ်သည်။ ထို့အတူ သန်းခေါင် စာရင်းသည် လူမှုစီးပွားရေးနှင့် လူဦးရေဆိုင်ရာ အချက်အလက်များကို ကောက်ယူခြင်း၊ စုစည်း ခြင်း၊ တွက်ချက်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ထုတ်ပြန် ခြင်းလုပ်ငန်းစဉ် တစ်ခုလုံးကို ဆိုလိုပါသည်။

သန်းခေါင်စာရင်းအမျိုးမျိုးရှိရာ အများ ဆုံး ကောက်ယူကြသော သန်းခေါင် စာရင်းများ မှာ လူဦးရေသန်းခေါင်စာရင်း (Population Census)၊ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (Housing Census)၊ လယ်ယာသန်းခေါင်စာရင်း (Agricultural Census)၊ စက်မှုသန်းခေါင်စာရင်း (Industrial Census) နှင့် စီးပွားရေးသန်းခေါင် စာရင်း (Business Census) စသည်တို့ ဖြစ်ပါ သည်။ယခု ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ကောက် ယူခဲ့သည့် သန်းခေါင်စာရင်းမှာ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း (Population and Housing Census) ပင် ဖြစ်ပါသည်။

ကမ္ဘာ့ သန်းခေါင်စာရင်း နောက်ခံသမိုင်း

အီဂျစ်၊ တရုတ်၊ ဂရိ၊ အိန္ဒိယ၊ ရောမ စသည့် နိုင်ငံများတွင် ရှေးအခါက လူဦးရေ စာရင်းများပြုစုခဲ့ကြပါသည်။ စစ်သည် အင်အား၊ အခွန်ကောက်ရန် စာရင်း၊ အုပ်ချုပ်မှု၌ လွယ်ကူ စေရန်၊ နယ်မြေပိုင်းခြားရန်၊ စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အလုပ်သမား အင်အားကို လေ့လာစာရင်းပြုစုရန်စသည့်ရည်ရွယ်ချက်မျိုးစုံ ဖြင့် လူဦးရေစာရင်းကောက်ယူခြင်းကို ကမ္ဘာပေါ် တွင် ရှေးနှစ်ပေါင်းများစွာကပင် ပြုလုပ်ခဲ့ကြပါ သည်။

ရောမတွင် BC ၄၃၅ ၌ လည်းကောင်း၊ ဂရိတွင် BC ၄၈၀ ၌ လည်းကောင်း၊ တရုတ်

ပြည်တွင် BC ၃၀၀၀ ခန့်၌လည်းကောင်း၊ ဘေဘီလိုနီးယားတွင် BC ၃၈၀၀ ခန့်၌ လည်းကောင်း၊ အိန္ဒိယတွင် Ramayana လက်ထက်တွင် လည်းကောင်း လူဦးရေ စာရင်းများ ပြုစုခဲ့ကြပါသည်။ အိုဂျစ်တွင်လည်း BC၁၂၅၀ခန့်ကလူဦးရေစာရင်း၊ မွေးဖွား၊ ကွယ်လွန်နှုန်း ထိမ်းမြားခြင်း စာရင်းများကို ကောက်ယူခဲ့ပါသည်။ အင်္ဂလန်တွင် ၁၅၃၅ ခုနှစ်၌ Henry VIII လက်ထက် ပုလိပ် ရောဂါကပ် ဘေးကြီးဆိုက်၍ သေသူ၊ ရှင်သူ များ၏ စာရင်းများကို သိရှိမှတ်တမ်း တင်နိုင်ရန်၊ ဆေးကုသနိုင်ရန်တို့အတွက် လူဦးရေ ဆိုင်ရာ စာရင်းဇယားများ ပြုစုခဲ့ကြပါသည်။

၁၀၈၆ ခုနှစ်ထုတ် Domesday Book စာအုပ်တွင်ဖြိတ်နိုင်ငံ၏ပထမဦးဆုံး သန်းခေါင်စာရင်းကို ဖော်ပြခဲ့ပါသည်။ ယင်းအချိန်က လူဦးရေစာရင်းထက် မြေရိယာများ သိရှိရန် သန်းခေါင်စာရင်းကို ကောက်ယူ ခဲ့ကြသည်။ သို့မှသာ လူဦးရေတိုးပွားလာသည်ကို သတိပြုမိပြီး တိုင်းပြည်၏ စားနပ်ရိက္ခာ ဖူလုံမှုအတွက် စိုးရွံ့လာရာမှ စတင်၍ သန်းခေါင်စာရင်းများကို ကောက်ယူခဲ့ကြ ကြောင်း သိရှိရပါသည်။ ခေတ်မီ သန်းခေါင် စာရင်းများကို ဥရောပနိုင်ငံများတွင် ၁၆၀၀ ပြည့်နှစ်တွင်လည်းကောင်း၊ မြောက် အမေရိကတွင် ၁၆၀၀ ခုနှစ်နှင့် အမေရိကန် နိုင်ငံတွင် ၁၇၉၀ ခုနှစ်တို့တွင် လည်းကောင်း စတင်ကောက်ယူခဲ့ကြပါသည်။

မြန်မာ့ သန်းခေါင်စာရင်း နောက်ခံသမိုင်း

မြန်မာနိုင်ငံတွင်ရှေးဘုရင်များလက်ထက်မှစ၍ လူဦးရေစာရင်းများ၊ စစ်တမ်းများ ကောက်ယူခဲ့ကြောင်း သမိုင်းပညာရှင်များ၏ လေ့လာချက်များအရ သိရှိရပါသည်။ ရှေးဘုရင်တို့သည် ထောင်ပြုမြို့၊ ရာပြုမြို့ စသည်ဖြင့် မြို့ရွာများတည်၍ အခွန်များကောက်ခံခြင်း၊ စစ်သည်များ စုဆောင်းခြင်းစသည့် ရည်ရွယ်ချက်များဖြင့် လူဦးရေ စာရင်းများ ကောက်ယူခဲ့ကြောင်း မှတ်တမ်းများ၊ ကျောက်စာများအရ သိရှိရပါသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး သန်းခေါင်စာရင်းကို ဘီစီ ၅၀၀ ခန့်က တကောင်းဘုရင် မင်းဆက် သတိုးသီဟ မဟာဓမ္မရာဇာဘုရင် လက်ထက်တွင် စတင် ကောက်ယူခဲ့ကြောင်း အထောက်အထားများအရ သိရှိ ရပါသည်။ လူဦးရေစာရင်း ကောက်ယူမှုကို သာလွန်မင်းတရားကြီး လက်ထက် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်တို့တွင် သန်းခေါင်စာရင်း သဘော သက်ရောက်သည့် စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ ယင်းစာရင်းများတွင် လူဦးရေအကြောင်းအရာ၊ အိမ်ခြေ၊ လယ်ယာမြေ၊ သီးနှံအထွက်၊ အခွန်တော်ငွေ စသည့် စာရင်းတို့ကို ကောက်ယူခဲ့ပါသည်။

သန်းခေါင်စာရင်းကောက်ယူသည့် နည်းလမ်းများ

ယခုအခါ လူဦးရေ သန်းခေါင်စာရင်းကို De-Jure Method နှင့် De-facto Method ဟူ၍ နည်း ၂ မျိုးဖြင့် ကောက်ယူလျက်ရှိပါသည်။

De-Jure Method မှာ အမြဲနေထိုင်ရာ အိမ်ရာ၊ အိမ်၊ အဆောက်အအုံတို့ကို အခြေပြု၍ ကောက်ယူသောနည်းဖြစ်ပါသည်။ သတ်မှတ်သည့် ရက်ကာလ အတွင်း နေထိုင်သူများ၊ သတ်မှတ်ရက် မတိုင်မီ မွေးဖွားခဲ့သော ကလေးများ၊ ခေတ္တခရီး လာရောက်နေထိုင်သူများ၊ ဧည့်သည်များကို တွေ့ရှိရာအိမ်၊ အဆောက်အအုံတွင် စာရင်း ကောက်ယူသည့် နည်းလမ်းဖြစ်ပါ

သည်။ ယင်း နည်းလမ်းအရ မိသားစုမှ သတ်မှတ်ရက် ကျော်လွန်၍ ခေတ္တပြင်ပ၊ အခြားနိုင်ငံများနှင့် မြို့ရွာများသို့ လာရောက်နေထိုင်သူများကို ထည့်သွင်းကောက်ယူမှု မပြုလုပ်ပါ။ သတ်မှတ်ရက် ကျော်လွန်မှ ကွယ်လွန်သူများကို စာရင်းကောက်ယူခြင်း ပြုလုပ်ပါသည်။

De-facto Method မှာ နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများကို တွေ့ရှိ လူဦးရေ၊ လှည်းနေလေ့အောင်း၊ မြင်းဇောင်းပါမကျန် ကောက်ယူသည့် နည်းလမ်းဖြစ်ပါသည်။ အမြဲနေထိုင်သောအိမ်ကို အစွဲမပြုပါ။ အိမ်ခြေ၊ ရာခြေမရှိသူများ၊ ခြေသလုံးအိမ်တိုင် လုပ်နေသူများ၊ သူတောင်းစားများပါမကျန် တွေ့ရှိရာနေရာ အရပ်ဒေသ၌ သတ်မှတ်ရက်တွင် တစ်ပြိုင်နက် ကောက်ယူသော နည်းလမ်းဖြစ်ပါသည်။

သန်းခေါင်စာရင်း နေ့နှင့် အချိန်

ရွေးချယ်ထားသော နေ့ရက် တစ်ရက်၏ သန်းခေါင်ယံအချိန်၌ နိုင်ငံတစ်နိုင်ငံ၏နယ်နိမိတ်အတွင်းရှိ နေမြဲလူဦးရေ (De-facto Population) သို့မဟုတ် တွေ့ရှိလူဦးရေ(De-JurePopulation) ၏ အရေအတွက်နှင့် အတူ အရည်အသွေးဆိုင်ရာ အချက်အလက် များကို တရားဝင် စုဆောင်း ကောက်ယူသည့် မှတ်တမ်းဖြစ်၍ သန်းခေါင်စာရင်းဟု ခေါ်ဆို ခဲ့ကြခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကောက်ယူခဲ့သော ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများတွင် မတ်လ ၃၁ ရက်၊ ညသန်းခေါင်ယံအချိန် ၁၂ နာရီကို ရည်ညွှန်းချိန်အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ စာရင်းများကို ကောက်ယူရာတွင် ဧပြီလ ၁ ရက်မှ ၄ ရက်အထိ De-Jure Method ဖြင့် ကောက်ယူပြီး ဧပြီလ ၅ ရက်နေ့ တစ်ရက်တည်းကိုသာ De-facto Method ဖြင့် De-facto Method ကောက်ယူခဲ့ကြပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းတွင် သန်းခေါင် စာရင်း ရည်ညွှန်းချိန်မှာ မတ် ၂၉ ရက်နေ့ ညသန်းခေါင်ယံအချိန် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့ အတွင်း ၁၂ ရက်ကြာ မြန်မာတစ်နိုင်ငံလုံးတွင် De-facto Method ကို အသုံးပြု၍ သန်းခေါင်စာရင်း ကောက်ယူခဲ့ပါသည်။ ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ စက်တင်ဘာလ ၃၀ ရက်နေ့ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း ၁၅ ရက်ကြာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို De-facto Method ဖြင့် ကောက်ယူခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့မှုများ

ကိုလိုနီခေတ်က မြန်မာနိုင်ငံ၌ လူဦးရေသန်းခေါင်စာရင်းကို ၁၈၇၂၊ ၁၈၈၁၊ ၁၈၉၁၊ ၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁၊ ၁၉၃၁ ခုနှစ်များတွင် ၁၀ နှစ်လျှင် တစ်ကြိမ်ကျစီ ကောက်ယူခဲ့ကြောင်း သိရှိရပါသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း၌ ကောက်ယူခဲ့သော သန်းခေါင်စာရင်း အချက်အလက်များမှာ စစ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရပြီး ၁၉၅၃ ခုနှစ် တွင်မှ ပြန်လည်၍ စာရင်းကောက်ယူနိုင်ခဲ့ပါ သည်။ ယင်းအစီအစဉ်အရ ၁၉၅၃ ခုနှစ် မတ်လတွင် မြို့ပေါင်း ၂၅၂ မြို့ နှင့် ချင်းပြည်နယ် ပလက်ဝခရိုင်ခွဲမှအပ တို့တွင် လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည်မ၌ ကျေးရွာအုပ်စု ၂၁၄၃ ခု၊ ကချင်ပြည်နယ်တွင် ကျေးရွာအုပ်စု ၁၀၁၆ ခုကို လည်းကောင်း ကောက်ယူခဲ့ပါသည်။ ကျန်ဒေသများတွင် လုံခြုံမှု ကနဦးသတ်ချက်အရ ဆက်လက် ကောက်ယူနိုင်ခြင်း မရှိခဲ့ပါ။ မြန်မာ

Scanned with CamScanner

နိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းကို ၁၀ နှစ်လျှင်တစ်ကြိမ် အခြားနိုင်ငံများ နည်းတူ ကောက်ယူရန် ဖြစ်သော်လည်း အခြေအနေ အရပ်ရပ်ပေါ် မူတည်၍ မကောက်ယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေး ကောင်စီ အစိုးရ တက်ခါစ၌ နိုင်ငံတော် မအေး ချမ်း၍ မကောက်ယူနိုင်ခဲ့ပေ။ ခေတ်မီစနစ်ဖြင့် ကောက်ယူခဲ့သော ၁၉၇၃ ခုနှစ် သန်းခေါင် စာရင်းတွင် နိုင်ငံဧရိယာ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်း နှင့် နိုင်ငံ လူဦးရေ ၉၇ ဒသမ ၁ ရာခိုင်နှုန်း ကို စာရင်းပြုစုနိုင်ခဲ့ပြီး ၁၉၈၃ ခုနှစ် သန်းခေါင် စာရင်းတွင် ပြည်နယ်နှင့် တိုင်း ၁၄ ခုရှိ မြို့နယ် ပေါင်း ၃၁၄ မြို့နယ်တွင် နည်း နှစ်မျိုးစလုံးဖြင့် ကောက်ယူ နိုင်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်တွင် ကောက်ယူလို သော်လည်း ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲ အပြီး နိုင်ငံရေး ပြဿနာများကြောင့် မကောက်ယူ နိုင်ခဲ့ပါ။ ၂၀၀၃ ခုနှစ်တွင်လည်း နိုင်ငံရေးနှင့် လုံခြုံရေး အခြေအနေများကြောင့် မကောက်ယူ ဖြစ်ခဲ့ပါ။ ၂၀၁၃ ခုနှစ်တွင် ကောက်ယူရန် ဖြစ်သော်လည်း ဒီမိုကရေစီ နိုင်ငံအဖြစ် စတင်တည် ထောင် ကာစဖြစ်၍ သန်းခေါင်စာရင်း ကောက်ယူခြင်းမရှိဘဲ ၂၀၁၄ ခုနှစ်ရောက်မှသာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ဦးစားပေး လိုအပ်ချက် တစ်ရပ်အနေဖြင့် ကောက်ယူခဲ့ ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူ ပြီးနောက် ၁၀ နှစ်ကြာသည့် အချိန်တွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ လူဦးရေ နှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို စဉ်ဆက်မပြတ် ရရှိရန် ထပ်မံ၍ သန်းခေါင်စာရင်း ကောက်ယူရန် လိုအပ်လာပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကို အခြေခံ၍ နှစ်အလိုက် ခန့်မှန်းတွက် ချက်ခဲ့သော လူဦးရေ စာရင်းများသည် မူလ အခြေခံသော သန်းခေါင်စာရင်း နှစ်နှင့် ဝေးကွာ လာသည်နှင့်အမျှ ခိုင်မာမှု အားနည်းလာသဖြင့် ပြန်လည်ခန့်မှန်း တွက်ချက်ရန် လိုအပ်လာ သောကြောင့် ၂၀၂၄ ခုနှစ်အောက်တိုဘာလ ၁ ရက် နေ့မှ ၁၅ ရက်နေ့အထိ လူဦးရေနှင့် အိမ် အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူ ခဲ့ပါသည်။

သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ဖြစ်သည့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ည သန်းခေါင်ယံ အချိန်တွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိနေသူ အားလုံးကို စာရင်း ကောက်ယူခဲ့ပါသည်။ ထိုသို့ စာရင်း ကောက်ယူရာတွင် ဟိုတယ်၊ တည်းခိုခန်း၊ ဆေးရုံ၊ ရဲစခန်းနှင့် အချုပ်ခန်း စသည့် အဖွဲ့ အစည်းများရှိ လူဦးရေကို သန်းခေါင်စာရင်း ရည်ညွှန်းချိန် ညတွင် စာရင်းကောက်ယူနိုင် ရန် သန်းခေါင်စာရင်းတာဝန်ခံများမှ ကြိုတင် စီမံမှုများ ပြုလုပ်ခဲ့ကြရပါသည်။ ပြည်ပ သံရုံး များတွင် တာဝန်ထမ်းဆောင်နေကြသည့် မြန်မာနိုင်ငံသားများ အပါအဝင် ၎င်းတို့နှင့် အတူ လိုက်ပါနေထိုင်သည့် မိသားစုဝင်များ ကိုလည်း သန်းခေါင်စာရင်းကောက်ယူခဲ့ပြီး အဆိုပါ မြန်မာ ဝန်ထမ်းများနှင့် မိသားစုများ၏ စုစုပေါင်း လူဦးရေ ၁၁၈ ဦးကို နေပြည်တော်၊ ဇမ္ဗူသီရိ မြို့နယ်တွင် ထည့်သွင်းဖော်ပြထားပါသည်။ တိုင်း ဒေသကြီးနှင့် ပြည်နယ် အများစုတွင် သန်းခေါင် စာရင်း ကောက်ယူခြင်းအား သတ်မှတ်ထားသည့် ၁၅ ရက်တာ ကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး လုံခြုံရေးအရ ခက်ခဲသော ဒေသများတွင် ရက်တိုးမြှင့် ကောက်ယူခဲ့ပါသည်။

Scanned with CamScanner

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ ချိန်တွင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် CAPI စနစ် ထည့်သွင်းထားသော Mobile Tablet များ ဖြင့် စာရင်းကောက်ကွက်အလိုက် ကောက်ယူ ရရှိသောသန်းခေါင်စာရင်းအချက်အလက်များကို Serverသို့တိုက်ရိုက်ပေးပို့ခဲ့ပါသည်။ရရှိလာသော အချက်အလက်များကို မြို့နယ်အလိုက်၊ ကျား/မ အလိုက်လူဦးရေကိုတွက်ချက်ခဲ့ပါသည်။နေပြည် တော်ရှိ ပြည်သူ့အင်အား ဦးစီးဌာန၏ Server သို့ ရောက်ရှိလာသော အချက်အလက်များကို အသုံးပြု၍ စာရင်းဇယားများပြုစုပြီး ဆန်းစစ် လေ့လာမှုများပြုလုပ်ခဲ့ပါသည်။ ရှေ့ပြေး လူဦးရေ စာရင်းတွင် ပြည်ပရှိ မြန်မာနိုင်ငံ သံရုံးများ၌ တာဝန်ထမ်းဆောင်နေသည့်သူများမှလွဲ၍မြန်မာ နိုင်ငံ ပြည်ပတွင် ရောက်ရှိနေထိုင်သူများ၏ အချက်အလက်များ ပါဝင်မည်မဟုတ်ပါ။

မြို့နယ်ပေါင်း ၃၃၀ ရှိသည့် အနက် ၁၄၅ မြို့နယ်ကို ရာနှုန်းပြည့် စာရင်းကောက် ယူနိုင်ခဲ့ပါသည်။ တစ်စိတ်တစ်ဒေသသာ စာရင်း ကောက်ယူနိုင်ခဲ့သော မြို့နယ်ပေါင်း ၁၂၇ မြို့နယ် ရှိပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အချို့ မြို့နယ်များတွင် ဒီဇင်ဘာလ ဒုတိယအပတ်အထိ ရက်တိုးမြှင့် ကောက်ယူခြင်းနှင့် နောက်ကျ သန်းခေါင်စာရင်း ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်လုံးကျတ် သန်းခေါင်စာရင်း မကောက် ယူနိုင်သည့် မြို့နယ်ပေါင်း ၅၈ မြို့နယ် ရှိပါသည်။ သန်းခေါင်စာရင်း မကောက်ယူနိုင်သည့် ဒေသ များအတွက် လူဦးရေ ခန့်မှန်းခြင်း လုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာနှင့် GIS နည်းပညာတို့ကို ပေါင်းစပ်အသုံးပြု၍ ဆောင်ရွက်ထားပါသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၊ ရှေ့ပြေး လူဦးရေစာရင်းအရ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်ယံ အချိန် သန်းခေါင် စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံအတွင်း၌ ရှိနေသော လူဦးရေ စုစုပေါင်းမှာ ၅၁၃၁၆၇၅၆ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကောက်ယူရရှိ သော လူဦးရေမှာ ၃၂၁၉၁၄၀၇ ဦး ဖြစ်ပြီး စာရင်း ကောက်ယူခြင်း မရှိသောဒေသများ အတွက် Remote Sensing နည်းပညာဖြင့် ဆောင်ရွက်၍ ခန့်မှန်းတွက်ချက်ထားသော လူဦးရေ စာရင်းမှာ ၁၉၁၂၅၄၉ ဦး ဖြစ်ပါ သည်။

လူဦးရေမှန်မှ လူမှုစီးပွားမှန်မည်

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားရေး ဘဝ ဖြစ်ပေါ်တိုးတက်မှု အတက်အကျတို့ကို တိုင်းတာ တွက်ချက်စစ်ဆေးရာတွင် မှန်ကန်တိကျသော လူဦးရေသန်းခေါင်စာရင်းကောက်ယူထား ရှိ ခြင်းသည် အဓိက လိုအပ် ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်၏ စီမံကိန်း လျာထားချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ခေတ်မီ တိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ လက်ရှိ ပကတိ အနေအထားများကို လေ့လာဆန်းစစ်သုံးသပ် ဆုံးဖြတ် ဆောင်ရွက်ရပါသည်။ ထိုသို့ ဆောင် ရွက်ရာတွင် မှန်ကန် တိကျသော လူဦးရေ ကိန်း ဂဏန်းများအပေါ် အခြေခံ၍ တွက်ချက် လေ့လာ ဆန်းစစ် သုတေသနပြုလုပ်ကာ ရှေ့ လုပ်ငန်းစဉ် များ ကို အကောင်အထည်ဖော်ရပါသည်။

ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်း များ၊ လူ့စွမ်းအား အရင်းအမြစ်များ ဖော်ထုတ် ရေး၊ ဆင်းရဲမွဲတေမှု ပပျောက်ရေး၊ အလုပ် သမား လယ်သမားအရေး ကိစ္စများ၊ လမ်းတံတား၊ လူနေ အဆောက်အအုံ၊ ဆေးရုံနှင့် ကျောင်းများ

Scanned with CamScanner

> သန်းခေါင်စာရင်း (Census) ဆိုသည် မှာ လက်တင် (Latin) ဘာသာစကား (Censere) မှ ဆင်းသက်လာပြီး စာရင်းပြုစုခြင်း၊ စာရင်းကောက်ယူခြင်းဟု အဓိပ္ပာယ်ရ.....

တည်ဆောက်ရေးစသည့်ကဏ္ဍများတွင် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များအပေါ် မူတည်၍ လုပ်ဆောင်ကြရသဖြင့် မှန်ကန်သော လူဦးရေ စာရင်းများကို သိရှိထားရန် လိုအပ်ပါသည်။ ထို့ကြောင့် လူဦးရေစာရင်းများ ကောက်ယူရေးလုပ်ငန်းကို ကမ္ဘာပေါ်ရှိ နိုင်ငံ များက အလေးထား လုပ်ကိုင်ဆောင်ရွက် ရပါသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ရရှိလေ့ရှိပါသည်။ အဆိုပါ အချက်အလက်များသည် သတ်မှတ်ချိန် အတွင်းရှိ လူဦးရေနှင့် အိမ်ထောင်စုများ၏ အရွယ်အစား၊ ပျံ့နှံ့မှု၊ လက်ရှိ လူမှုဆိုင်ရာ သွင်ပြင်လက္ခဏာများနှင့် ပြောင်းလဲမှုများကို သတ်မှတ်ဆုံးဖြတ်ရန် အလွန် အသုံးဝင်ပါသည်။ တိကျ၍ အချိန်နှင့် တစ်ပြေးညီဖြစ်သည့် အချက်အလက်များသည် ထိရောက်သော ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲခြင်း၊ အထောက်အထားပေါ် အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များ၊ သုတေသန လုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်ပါသည်။ ထို့ပြင် ပြည်သူများ၏ လူမှုစီးပွား ဘဝ အခြေအနေမှန်ကို ဖော်ပြသော တိကျမှန်ကန်မှုရှိသည့် လူဦးရေ စာရင်းအင်း အချက်အလက်များသည် မရှိမဖြစ် လိုအပ်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

ကိုးကားချက်

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ရှေ့ပြေး လူဦးရေစာရင်း ပြည်သူ့အင်အား ဦးစီးဌာန, လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။

၂။ လူဦးရေမှန်မှ လူမှုစီးပွားမှန်မည်- ကြေးမုံစာတည်းရုံးထောင့်

၃။လူဦးရေသန်းခေါင်စာရင်းဆိုသည်မှာ-ဟင်နရီ မောင်မောင် (လဝက)

၄။ သန်းခေါင်စာရင်းနောက်ကြောင်း ရာဇဝင်-ယဉ်ယဉ်ကြိုင်

■

တက္ကသိုလ်နှင့် သုတေသန

သဒ္ဓါနွယ် (ဘောဂဗေဒ)

တက္ကသိုလ်သည် ပညာရပ်ဆိုင်ရာ သက်ဆိုင်ရာ ဘွဲ့ဒီဂရီ အသီးသီးကို အပ်နှင်း သောအဆင့်မြင့် ပညာအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ တက္ကသိုလ်ဟုဆိုရာတွင် တက္ကသိုလ်၏ အင်္ဂါရုပ်များဖြစ်သော တက္ကသိုလ်၏ ပရိဝုဏ်ရုပ်ပိုင်း ဆိုင်ရာ တည်နေရာ (မုခ်ဦး၊ ဆိုင်းဘုတ်၊ အမိပတိလမ်း၊ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ)၊ သင်ကြားရေးဆောင်များ၊ ဘာသာရပ်ဆိုင်ရာ ဌာနများ၊ စာကြည့်တိုက်၊ ဘောလုံးကွင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ဖွဲ့စည်းထားသည့် လက်တွေ့ခန်းများ၊ အပန်းဖြေ အနားယူသည့် စင်တာ၊ သုတေသနစင်တာနှင့် အခြားသော တက္ကသိုလ်ဆိုင်ရာ အခြေခံ အဆောက်အအုံတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ယူလိုစိတ် မြင့်မားလာအောင် ဆွဲဆောင်နိုင်သည့် အဆင့်မြင့်ပညာအဖွဲ့အစည်းတစ်ခုသာဖြစ်ပါသည်။

အဆင့်မြင့်ပညာ အဖွဲ့အစည်းတစ်ခုအနေဖြင့် သင်ကြားရေးတစ်ခုတည်းသာ ဗဟိုချက်မ မဟုတ်ဘဲ သုတေသန ဆောင်ရွက်ခြင်းသည်လည်း တက္ကသိုလ်၏ အဓိက ဗဟိုချက်လုပ်ငန်းဆောင်တာ တစ်ခုဖြစ်ပါသည်။ သုတေသန ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ လက်တွေ့အသုံးချသုတေသနရလဒ်များကို လူ့အဖွဲ့အစည်းအတွင်း အတွေးအခေါ် အသစ်များ၊ နည်းပညာအသစ်အဆန်းများ၊ ထုတ်ကုန် အသစ်အဆန်းများ တိုထွင်ဖန်တီးမှုကို အထောက်အကူပြုစေမည့် အသုံးချသုတေသနများ၊ လူမှုရေးသိပ္ပံဆိုင်ရာသုတေသနများကို စဉ်ဆက်မပြတ် သုတေသနပြု ဆောင်ရွက်နေရန်ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်နှင့်သုတေသနသည် နေနှင့်လ ကဲ့သို့ ဒွန်တွဲလျက်ရှိနေပါသည်။ သုတေသနပြုလုပ်ခြင်းဖြင့်ဗဟုသုတများ တိုးတက်လာခြင်း၊ သင်ကြားမှုနှင့် သင်ယူမှု အလေ့အကျင့် ကောင်းများ ရရှိလာနိုင်ခြင်း၊ သုတေသီများ၏ ပညာပါရမီများ ပိုမိုရှင်သန်လာခြင်း၊ တီထွင် ဖန်တီးမှုကိုပိုမိုအားပေးလှုံ့ဆော်လာနိုင်ခြင်း၊ တက္ကသိုလ်အတွက် ပုံရိပ်ကောင်း၊ နာမည်ကောင်းများ ရရှိလာခြင်း၊ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်မားလာခြင်း၊ တီထွင်ဖန်တီးနိုင်သော အတွေးအခေါ်သစ်များ၊ ဝေဖန်ပိုင်းခြားနိုင်မှု စွမ်းရည်များမြင့်မားလာခြင်း၊ လူမှုအဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာနိုင်ခြင်းတို့ကြောင့် အနာဂတ်စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်လာနိုင်မည် ဖြစ်သည့်အတွက် သုတေသနသည် တက္ကသိုလ်တစ်ခုအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ဦးဆောင်လျက်ရှိနေပါသည်။ လက်တွေ့ သုတေသန ရလဒ်ကောင်းများသည် မိမိတက္ကသိုလ်၊ မိမိဒေသ၊ မိမိနိုင်ငံမှသည် တစ်ကမ္ဘာလုံးဆိုင်ရာအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေမည် ဖြစ်ပါသည်။

ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားရေးကို တာဝန်ယူဆောင်ရွက်နေရသည့် ဆရာ၊ ဆရာမများ အားလုံးသည်မိမိဘာသာရပ်နှင့်ဆက်နွယ်သည့်အကျိုးပြု



“

သုတေသန ပြုလုပ်ခြင်းဖြင့် ဗဟုသုတများ တိုးတက်လာခြင်း၊ သင်ကြားမှုနှင့် သင်ယူမှု အလေ့အကျင့် ကောင်းများ ရရှိလာနိုင်ခြင်း၊ သုတေသီများ၏ ပညာပါရမီများ ပိုမိုရှင်သန်လာခြင်း၊ တိုထွင်ဖန်တီးမှုကို ပိုမိုအားပေးလှုံ့ဆော်လာနိုင်ခြင်း.....

သုတေသနများကိုစဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ပါသည်။ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူ များ အနေဖြင့် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် သုတေသန ပရောဂျက်များ ပြုလုပ်ခြင်းဖြင့် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို လွယ်ကူစွာ နားလည်သဘောပေါက်ပြီးပိုမိုသင်ယူလိုစိတ်မြင့်မားလာခြင်း၊သက်မွေးမှုလမ်းကြောင်းအတွက် အထောက်အကူ ပြုလာနိုင်ခြင်း၊ ဆရာနှင့် ကျောင်းသားများ အကြားထိရောက်သော သင်ကြားသင်ယူမှုနှင့် ဆက်ဆံရေးကောင်းမွန်လာခြင်း၊ အသင်း အဖွဲ့အစည်းနှင့် လုပ်ကိုင်တတ်လာခြင်း၊ ပြောဆိုဆက်ဆံတတ်လာခြင်း၊ လက်တွေ့ အသုံးချ သုတေသန ရလဒ်ပေါ် အခြေခံပြီး ပညာရပ်ဆိုင်ရာ အရေးအသားများ တိုးတက်လာခြင်း စသည့် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကို များစွာ တိုးတက်လာစေနိုင်ပါသည်။

ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမ များအနေဖြင့်လည်း မိမိတို့၏ ဘာသာရပ်ဆိုင်ရာ သီအိုရီများအပေါ် အခြေခံပြီး သက်ဆိုင်ရာ နယ်ပယ် အသီးသီးတွင်သုတေသနပြုလုပ်ခြင်းဖြင့် လက်တွေ့အသုံးချ သုတေသန ရလဒ်ကောင်းများအား စာသင်ခန်းအတွင်းတွင် ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်ဆိုင်ရာ သီအိုရီများဖြင့် ချိတ်ဆက်၍ ပြန်လည် မျှဝေ သင်ကြားပို့ချပေးနိုင်ခြင်း၊ တက္ကသိုလ်များ၏ စာတမ်းဖတ်ပွဲများ၊ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများမှတစ်ဆင့် အကျိုးပြု သုတေသန ရလဒ်များကို သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ လုပ်ငန်းများ (ဥပမာ အသေးစားအလတ်စား လုပ်ငန်းများ)၊ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဌာနအသီးသီးကို ပြန်လည် မျှဝေနိုင်သည့် အခွင့်အလမ်းများ ရရှိလာခြင်းဖြင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဘာသာရပ် အကျိုးပြု၊ ဒေသ အကျိုး ပြု၊ နိုင်ငံအကျိုးပြုမှုကို အထောက်အကူ ဖြစ် စေမည့် သုတေသနများသည် တက္ကသိုလ်၏ ပုံရိပ်ကောင်း၊ နာမည်ကောင်းကို ပေါ်လွင် ထင်ဟပ်လာစေမည် ဖြစ်ပါသည်။ တက္ကသိုလ် တစ်ခုသည် အနည်းဆုံး သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ် တစ်ခုမှာ

စာမျက်နှာ - ၆၃ သို့

Scanned with CamScanner

အပြုံးချိုချိုလေး တစ်ခုဟာ နောက်ကျိ နေတဲ့ တစ်ပါးသူရဲ့စိတ်ကို ကြည်လင်စေနိုင်တဲ့ အစွမ်းသတ္တိ ရှိပါသည်။ အပြုံးတစ်ခု ပြုံးပြဖို့ရန် အတွက် မည်မျှ ကုန်ကျမည်မဟုတ်ပါ။ သို့သော် အပြုံးတစ်ခု သည် ကြီးမားသော အကျိုးဆက်ကို ဖြစ်စေနိုင်သည်။ အပြုံးကို ရရှိသူသည် ပိုမို အားအင် ပြည့်ဝလာသလို အပြုံးကို ပေးရသူ အတွက် လည်း ဘာမျှ လျော့ပါးသွားခြင်း မရှိပါ။ တစ်ခါ ပြုံးဖို့ရန်အတွက် တစ်ခဏသာ ကြာပါ သည်။ ထိုအပြုံးကို လက်ခံရသူ၏ စိတ်နှလုံး တွင်ကား ထာဝရ အေးမြစေနိုင်သည်။

ရင်းနှီးသူ အချင်းချင်း၊ သူငယ်ချင်း မိတ်ဆွေအချင်းချင်း၊မိမိထက်ရာထူးရှိနိုဝါကြီးသူ များစသဖြင့်တွေ့ဆုံရာတွင်အပြုံးနှင့်ကြိုဆိုနှုတ် ဆက်လေ့ရှိသည်။ တစ်ဦးနှင့် တစ်ဦး မိတ်ဆက် စကားပြောရာတွင် "မင်္ဂလာပါ" ဟူ၍ ပြောဆို သကဲ့သို့ အပြုံးနှင့် မိတ်ဆက်ကြသည်မှာလည်း လူအများ သတိမထားမိဘဲ ပြုလုပ်လေ့ရှိသော အမူအကျင့် တစ်ခုဖြစ်သည်။ ထို့ကြောင့် "အပြုံး" သည်လည်း "မင်္ဂလာ တစ်ပါး" ဟု ခေါ်ဝေါ် ထိုက်ပါသည်။ ဘဝအမောကို ပြေစေသည်။ သောကမီးကို ငြိမ်းစေသည်။ အပြုံးသည် ထာဝစဉ် အေးမြသော ရေကြည်တစ်ပေါက် ဖြစ်ပေသည်။ ရေစက်ကလေးများ စုပေါင်းပြီး ရေကန်၊ အင်းအိုင်၊ မြစ်ချောင်းများ ဖြစ်လာ သလို တစ်ယောက်အပြုံး တစ်ယောက်စုမိလျှင် ကမ္ဘာကြီးတွင် အပြုံးပန်းများ ဝေဝေဆာဆာ ပွင့်ဖူးနေမည် ဖြစ်သည်။

"မေမေရဲ့ အပြုံးကို မြင်ရရင် အရာရာ ဟာ အေးချမ်းသွားတယ်"

"မင်းရဲ့ အပြုံးက အလှဆုံး"၊ "ချစ်ရသူရဲ့ အပြုံးပန်းတစ်ပွင့်က အသက်ဆက်ရှင်ဖို့ လမ်းစ တစ်ခုပါ" စသဖြင့် စာရေးဆရာ အမျိုးမျိုးက "အပြုံး" ဆိုသည့် ဝေါဟာရကို တင်စားဖွဲ့နွဲ့ခဲ့ကြ သည်။ မှန်ပါသည်။ ကဗျာတွေ စာတွေဖွဲ့လို့ မမီနိုင် လောက် အောင် "အပြုံး" ဆိုသည့် သဘောတရား က နက်နဲလွန်းပါသည်။

ဆင်းရဲသူ၊ ချမ်းသာသူ ခွဲခြားခြင်းမရှိဘဲ လူတိုင်းအပြုံးပန်းကို ဆင်မြန်းနိုင်ကြသည်။ ဆရာနှင့် တပည့်တွေ့စဉ်၊ ရင်းနှီးသူ အချင်းချင်း

ဖြစ်စေ စသဖြင့် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်အချိန်မဆို အပြုံးတစ်ခုကို ဖန်တီးနိုင်သည်။ ကိုယ်ပြုံးပြလိုက်သည့်သူထံမှ အပြုံးတစ်ခုကို ပြန်လည်ရရှိသည့် အချိန် တဒင်္ဂလေးသည် စိတ်နှလုံးကို ကြာရှည် မဟုတ်တောင် တစ်ခဏတာ အေးမြမှုကို ပေးပါသည်။

ချစ်ခင်သူ၊ မလိုလားသူ၊ ကိုယ့်ထက် မြင့်မားသူ၊ ကိုယ်နှင့် တန်းတူရှိသူ၊ ကိုယ့်အောက် နိမ့်ကျသူ၊ ဒါတွေဟာ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် အမြဲတွေ့နေရမှာဖြစ်သည်။ တကယ်တော့ သူတို့အလုပ် သူတို့လုပ်နေသူတွေချည်းပါ။ ကိုယ်လည်း ကိုယ့် အလုပ်လုပ်နေရမှာဖြစ်သည်။ ကြုံဆုံ ရသူတိုင်း တစ်နေ့ခွဲခွာရဦးမည်ဖြစ်သည်။ ထို့ကြောင့် ကိုယ့်အပြုံးဖြူဖြူလေး တစ်ချက်သည် တစ်ဖက်လူကို အေးမြစေလျှင် ဘယ်လောက် ကျေးဇူးတင်စရာကောင်းလိုက်ပါမလဲ။

တစ်ဦးနှင့် တစ်ဦးတွေ့ဆုံစကားပြောစဉ်တွင် ပြောသူနှင့် ကြားနာသူ နှစ်ဦး စလုံး နားလည်နိုင်မည့် ဘာသာစကား တစ်ခု လိုအပ်သည်။ ထို ဘာသာစကားကို နှစ်ဦးစလုံး နားလည်မှသာ အဆင်ပြေမည် ဖြစ်သည်။ အပြုံးတွင်က ထိုသို့ မဟုတ်ချေ။ ဘာသာစကားမလိုသော နှလုံးသားချင်းပေါင်းကူးပေးသော တံတားလေး တစ်စင်းမှာ ထိုအပြုံးပင်တည်း။ ချောင်းခြားထားသည့် ကမ်းပါးနှစ်ခုပင်လျှင် တံတားထိုး၍ ကူးသန်းနိုင်သလို လူသား တစ်ဦးနှင့်တစ်ဦးတို့၏ အကြင်နာ ရပ်ဝန်းလေးဖြစ်သည့် နှလုံးသားကို အပြုံးတံတားနှင့် အရိုးသား အပွင့်လင်းဆုံးပေါင်းကူး ဆက်သွယ်ရင်း ထာဝစဉ် အေးမြသည့် အပြုံးများပိုင်ဆိုင်နိုင်ကြပါစေ။

■

● စာမျက်နှာ - ၆၁ မှ

လက်တွေ့ အကျိုးပြုနိုင်သည့် သုတသန တွေ့ရှိချက်များ၊ ရလဒ်ကောင်းများကို ဒေသဖွံ့ဖြိုးမှုနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုများစွာအထောက်အကူပြုနိုင်မည်ဆိုပါက ၎င်းတက္ကသိုလ်၏ ဂုဏ်သတင်းသည် အမှန်ပင် ကျော်ကြားလာနိုင်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားရေးဆရာ၊ဆရာမများအားသံလိုက်သဖွယ်ဆွဲငင်အားကောင်းသော တက္ကသိုလ်တစ်ခုအဖြစ် ဂုဏ်သတင်း မွေးပျိုလာမည်ဖြစ်ပါသည်။ တက္ကသိုလ်များအကြားတွင် လည်းကောင်း၊ မိမိနိုင်ငံနှင့် နိုင်ငံတကာအလယ်တွင် လည်းကောင်း သက်ဆိုင်ရာ အထူးပြု ဘာသာရပ်နယ်ပယ် တစ်ခုတွင် တက္ကသိုလ်၏ နာမည်ကောင်းတံဆိပ် တစ်ခုကို ရရှိလာမည်ဖြစ်ပါသည်။ သင်ကြားရေးဌာနများမှ ဆရာ၊ ဆရာမများ၊ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားများ အနေဖြင့် သုတေသနကို စိတ်ဝင်စားသော၊ အလေးထားသော လူစွမ်းအား အရင်းအမြစ်များအဖြစ် အားကောင်းစွာ တည်ရှိလာမှသာ တက္ကသိုလ်မှသည် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သော သုတေသနရလဒ်ပေါ် အခြေခံသည့် မူဝါဒများကို ပိုမိုရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် များစွာအထောက်အကူ ပြုလာမည် ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်များတွင် အထူးပြု ဘာသာရပ်ဆိုင်ရာ အကျိုးပြု သုတေသနများကိုတွင်တွင်ကျယ်ကျယ်ဆောင်ရွက်ခြင်းဖြင့် မိမိ၏ လူ့အဖွဲ့အစည်း၊ မိမိဒေသ၊ မိမိနိုင်ငံ စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် တိုက်ရိုက် အထောက်အကူပြုလာမှာဖြစ်ပါသည်။

■

Scanned with CamScanner

ENGLISH SECTION

When I grow old....

Theint (Eng)

When I grow old, I'll let greed fall away,
Find peace in each moment, not in the gold I sway.
No longer chasing wealth, I'll seek what's true,
Solid as the mountains, steady in what I do.
I'll cherish simple joys, in nature's embrace,
Not bound by desire, but by love and grace.
The weight of possessions will no longer call,
For happiness is found in giving, not in having it all.
In quiet reflection, I'll find my way,
Following Buddha's teachings, day by day.
Letting go of want, my heart will be light,
Embracing stillness, in the quiet of night.
When death comes near, I'll face it with ease,
For life's true treasure is in living with peace.
And as I depart, I'll leave no regret,
For the path I walked was full, not of want, but of rest.

Scanned with CamScanner

MEIKTILA
UNIVERSITY OF ECONOMICS
ANNUAL MAGAZINE
2024-2025 ACADEMIC YEAR

Scanned with CamScanner